AUSCO

ဩစတြေးလျားနိုင်ငံ ယဉ်ကျေးမှုနှင့် အကျွမ်းဝင်ရေးဆိုင်ရာ အစီအစဉ် သင်တန်း

# ဩစတြေးလျားနိုင်ငံအပေါ် ခြုံငုံသုံးသပ်ချက်

လွယ်ကူစွာ ဖတ်ရှုရာ

## ဘာသာစကား

**English**

အင်္ဂလိပ်စာသည် ဩစတြေးလျားနိုင်ငံ၏ နိုင်ငံတော်ဘာသာစကားဖြစ်ပါသည်။



သင်ဩစတြေးလျား၌နေထိုင်လျှင် အင်္ဂလိပ်လိုပြောဆိုတတ်ရန်မှာ အလွန်အရေးကြီးပါသည်။




ဩစတြေးလျား၌အချို့လူများသည် အခြားဘာသာစကားများကိုလည်းပြောဆိုကြသည်။

**200+**

ကွဲပြားခြားနားသော ဘာသာစကားပေါင်း 200 ကျော်ကို၊

- အိမ်များ နှင့်
- လူမှုအဖွဲ့အစည်းများ - ချိတ်ဆက်မှုရှိထားသော လူအုပ်စုများအတွင်း ပြောဆိုကြပါသည်။



၎င်း၏အကြောင်းရင်းမှာ ဩစတြေးလျားလူဦးရေ၏ 25 ရာခိုင်နှုန်းနီးပါးသည် အခြားနိုင်ငံတစ်ခု၌ မွေးဖွားခဲ့ကြသောကြောင့်ဖြစ်သည်။



ဘာသာစကားပေါင်း 20 ကျော်ကိုလည်း အဘော်ရီဂျီနယ်လ်(Aboriginal) နှင့် တောရဲ့စ် ရေလက်ကြား ကျွန်းသားများ (Torres Strait Islanders) ကပြောဆိုကြသည်။

၎င်းတို့အား ကျွန်ုပ်တို့က တိုင်းရင်းဘာသာစကားများဟုခေါ်သည်။

# ဩစတြေးလျား၏ တိုင်းရင်း လူမျိုးများ



Aboriginal နှင့် Torres Strait Islanders လူမျိုးများသည် ဩစတြေးလျား၌ အကြမ်းဖျဉ်းအားဖြင့် နှစ်ပေါင်း 50,000 ကြာအတွက် နေထိုင်နေခဲ့ကြပါသည်။


၎င်းတို့အားလည်း ကျွန်ုပ်တို့က တိုင်းရင်းလူမျိုးများဟုခေါ် သည်။



သူတို့၏ယဉ်ကျေးမှုသည် ကမ္ဘာပေါ်တွင် ရှေးဟောင်းအကျဆုံးသော ယဉ်ကျေးမှုများအနက် တစ်ခုဖြစ်သည်။



Aboriginal နှင့် Torres Strait Islanders လူမျိုးများသည် ဩစတြေးလျားပြည်နယ်နှင့် ဒေသတိုင်းတွင် နေထိုင်ကြသည်။





ဩစတြေးလျား၏ ခြားနားသော ဒေသအပိုင်းအခြားများမှ Aboriginal နှင့် Torres Strait Islanders လူမျိုးများ၏ ခြားနားသော၊

- ဘာသာစကားများ



- ယဉ်ကျေးမှုပိုင်းဆိုင်ရာ ယုံကြည်ချက်များ နှင့်



- နာမ်ပိုင်းဆိုင်ရာ ယုံကြည်ချက်များရှိသည်

# ယဉ်ကျေးမှုပေါင်းစုံရှိသော ဩစတြေးလျား



ကမ္ဘာတစ်ဝန်းမှလူများ ဩစတြေးလျားသို့ ပြောင်းရွှေ့ကြသည်။

ကျွန်ုပ်တို့က သူတို့အား ပြောင်းရွှေ့အခြေချသူများဟုခေါ်သည်။




1945 ခုနှစ်ကတည်းက ဩစတြေးလျားသို့ လူ 7.5 သန်းကျော် ပြောင်းရွှေ့လာခဲ့ကြပါသည်။



ပြောင်းရွှေ့အခြေချသူများအနက် 800,000 ကျော်တို့မှာ ဒုက္ခသည်များဖြစ်ကြသည်။



ဒုက္ခသည်များမှာ သူတို့အတွက် ဘေးအန္တရာယ် မကင်းတော့သည့်အတွက်ကြောင့် ၎င်းတို့၏ ဇာတိနိုင်ငံများအား စွန့်လွှတ်ရန် လိုအပ်ခဲ့ကြသူများဖြစ်သည်။


½

သြစတြေးလျားပြည်သူပြည်သားများ၏ ထက်ဝက်ခန့်သည်

- ပင်လယ်ရပ်ခြား၌မွေးဖွားခဲ့ကြသည်
- ပင်လယ်ရပ်ခြား၌ မွေးဖွားခဲ့ကြသည့် မိဘတစ်ဦးဦးရှိကြသည်



၎င်းသည် သြစတြေးလျားအား ယဉ်ကျေးမှုပေါင်းစုံ ဆုံစည်းရာ နေရာတစ်ခုဖြစ်စေပါသည်။



သြစတြေးလျား၌ တရားဝင် သို့မဟုတ် နိုင်ငံတော် သာသနာဟူ၍ မရှိပါ။



သင်ကြိုက်နှစ်သက်ရာ ဘာသာတရားကို လွတ်လပ်စွာ ယုံကြည်သက်ဝင်ခွင့်ရှိသည်။




သင့်ဘာသာတရားက တရားဥပဒေကို မဆန့်ကျင်ရန် လိုအပ်သည်။




၎င်းတွင်ပါဝင်သော ဥပဒေများမှာ၊

- ဩစတြေးလျားတစ်ခုလုံးအတွက် - ဗဟိုအစိုးရ ဥပဒေများ
- ပြည်နယ် နှင့် ဒေသ ဥပဒေများ တို့ဖြစ်သည်



ဩစတြေးလျားပြည်သူပြည်သားများသည် ၎င်းတို့၏ စံတန်ဖိုးများအရ တစ်ဦးနှင့်တစ်ဦး ဆက်စပ်မှု ရှိနေကြသည်။



စံတန်ဖိုးများမှာ ဩစတြေးလျား ပြည်သူပြည်သားများက အရေးကြီးသည်ဟု မှတ်ယူကြသော အောက်ပါအရာများဖြစ်ကြသည်

- တန်းတူညီတူဖြစ်မှု - လူတိုင်းကို တစ်ပုံစံတည်း ဆက်ဆံပြီး ရပိုင်ခွင့်များမှာလည်း အတူတူပင်ဖြစ်သည်



- ဒီမိုကရေစီ - နိုင်ငံတော်အား စီမံအုပ်ချုပ်ပုံတွင် လူတိုင်းပါဝင် နေရာယူနိုင်ကြသည်



- လွတ်လပ်မှု



- လူတိုင်းအပေါ် လေးစားကြည်ညိုခြင်းရှိမှု တို့ဖြစ်သည်

Australian Government
Department of Social Services

ဩစတြေးလျားနိုင်ငံ လူမှုဝန်ဆောင်ရေးဌာန ၏
ကိုယ်စား အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်ရေးရာ
အဖွဲ့အစည်း မှ ပို့ချပေးသည်။

IOM • OIM